စားသောက်ကုန်လုပ်ငန်းများတွင် အစားအစာမှတစ်ဆင့် ကူးစက်သောရောဂါများကို ကာကွယ်ခြင်း

# နိုရိုဗိုင်းရပ်စ်

## နိုရိုဗိုင်းရပ်စ်သည် အလွန်ကူးစက်မြန်သော ဗိုင်းရပ်စ်တစ်မျိုးဖြစ်ပါသည်။

ဗိုင်းရပ်စ်အမှုန်အမွှား 18 မှုန်ကပင်လျှင် သင့်ကိုနာမကျန်းဖြစ်စေနိုင်သည်။ သာမန်လူတစ်ဦးသည် ၎င်း၏ဘဝတစ်လျှောက်လုံးတွင် နိုရိုဗိုင်းရပ်စ် 5 ကြိမ် ကူးစက်ခံရနိုင်ပါသည်။

## ၎င်းဗိုင်းရပ်စ်ပိုးသည် ရောဂါပိုးကူးစက်ခံထားရသူ၏ အညစ်အကြေးနှင့်အန်ဖတ်များမှတစ်ဆင့် ပြန့်ပွားကူးစက်ပါသည်။



အောက်ပါနည်းလမ်းများမှတစ်ဆင့် သင် နိုရိုဗိုင်းရပ်စ် ကူးစက်ခံရနိုင်ပါသည်-

- ညစ်ညမ်းသောအစာနှင့်ရေ။
- ညစ်ပေသောမျက်နှာပြင်များ။
- ရောဂါပိုးကြောင့်နာမကျန်းဖြစ်သူနှင့် ထိတွေ့ခြင်း။

နာမကျန်းဖြစ်နေသူတစ်ဦးသည် ရောဂါလက္ခဏာများပျောက်ကင်းသွားသည့်တိုင် နိုရိုဗိုင်းရပ်စ်ကူးစက်စေနိုင်ပါသည်။ ၎င်းဗိုင်းရပ်စ်ပိုးသည် စင်များ၏မျက်နှာပြင်များတွင် ရက်သတ္တပတ်များစွာကြာအောင် ရှင်သန်နိုင်ပါသည်။

## ရောဂါလက္ခဏာများကို 1 ရက်မှ 3 ရက်အထိ ခံစားရမည်ဖြစ်ပြီး ၎င်းလက္ခဏာများတွင် ပါဝင်သည်များမှာ-

- ဝမ်းပျက်ဝမ်းလျှောခြင်း။
- အော့အန်ခြင်း။
- ပျို့အန်ချင်စိတ်ဖြစ်ပေါ် ခြင်း။
- ဗိုက်အောင့်ခြင်း။



အချို့သောသူများသည် ကိုယ်ပူခြင်း၊ ခေါင်းကိုက်ခြင်းနှင့် ခန္ဓာကိုယ်ကိုက်ခဲခြင်းများ ခံစားရပါသည်။

**နိုရိုဗိုင်းရပ် စ် သည် ကလေးငယ် များနှ င့် သက် ကြီးရွ ယ် အိုများကို ပိုမိုအန္တ ရာယ် ပေးနိုင် ပါသည် ။**




**လက္ခဏာများ ပြင်းထန်ပါက သင်၏ကျန်းမာရေးစောင့်ရှောက်သူကို ဆက်သွယ်ပါ။**

## ပိုးမွှားများ ပျံ့နှံ့ခြင်းကို ကာကွယ်ပါ။



### သင်နေထိုင်မကောင်းပါက အစားအစာ မကိုင်တွယ်ပါနှင့်။

သင်ဖျားနာနေပါက အိမ်တွင်နေပါ။ ရောဂါလက္ခဏာများပျောက်ကင်းသွားပြီး အနည်းဆုံး 2 ရက်ကြာသည်အထိ စောင့်ဆိုင်းပါ။ ထို့နောက်မှသာ အလုပ်ပြန်ဆင်းပါ။



### စားရန်အဆင်သင့် အစားအစာများကို လက်ဗလာဖြင့် ကိုင်တွယ်ခြင်းမပြုဘဲ ရှောင်ကြဉ်ပါ။

အစားအစာကို လက်ဗလာဖြင့် မကိုင်တွယ်ဘဲ လက်အိတ်များ၊ ညှပ်များ သို့မဟုတ် အခြား မီးဖိုချောင်သုံးကိရိယာများဖြင့် ကိုင်တွယ်ပါ။

### လုပ်ငန်းခွင်တွင် အော့အန်ပါသလား သို့မဟုတ် ဝမ်းလျှောပါသလား။




သတ်မှတ်ထားသော သန့်ရှင်းရေးအစီအမံအတိုင်း သင့်အန်ဖတ်များနှင့် အညစ်အကြေးများကို သန့်ရှင်းပါ။

### ဈေးဝယ်သူ သို့မဟုတ် အစားအစာလုပ်သားတစ်ဦးဦးက နေထိုင်မကောင်းသည်ဟု သတင်းပို့သလား။

နာမကျန်းဖြစ်မှုများကို ဒေသန္တရကျန်းမာရေးဌာနထံ ချက်ခြင်းအကြောင်းကြားရပါမည်။ အခြားလူများ နာမကျန်းမဖြစ်အောင် သူတို့က လုပ်ဆောင်ပေးလိမ့်မည်။

**Do it Right! Serve it Safe!**